# ဂျီဘီအက်(စ်)လယ်ယာ ဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## အထူးအထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

၁။ ဂျီဘီအက်(စ်)လယ်ယာ ဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အထူး အထွေထွေ အစည်းအဝေးကို ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

၂။ အစည်းအဝေးတွင် အောက်ပါအချက်များအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက် ရယူဆောင်ရွက် သွားမည် ဖြစ်ပါသည် -

(က) မိမိတို့ကုမ္ပဏီ၏ အစုရှယ်ယာများကို ဈေးကွက်အတွင်း ပိုမိုဖြစ်ထွန်းလွယ်ကူစွာ အရောင်းအဝယ် ပြုလုပ်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများပိုမိုလက်လှမ်းမီပါဝင်လာစေရန် ရည်ရွယ်၍ ကုမ္ပဏီ၏လက်ရှိ သတ်မှတ် ထားသော မူလအစုရှယ်ယာ (၁) စု လျှင် အစုရှယ်ယာ (၂၀) စု အချိုး (1-to-20 Share Split) ဖြင့် ခွဲခြမ်းသတ်မှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အစုရှယ်ယာရှင် များထံမှ အထူးဆုံးဖြတ်ချက် (Special Resolution) ဖြင့် အတည်ပြုချက် ရယူခြင်း၊ (ယခုရှယ်ယာခွဲခြမ်းမှုသည် ကုမ္ပဏီ၏ စုစုပေါင်းမတည် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးနှင့် ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုတန်ဖိုးအပေါ် ပြောင်းလဲမှုရှိမည် မဟုတ်ဘဲ၊ ရှယ်ယာအရေ အတွက်သာ (၂၀) ဆတိုးပွား လာမည်ဖြစ်ပါသည်။)

(ခ) ရန်ကုန်စတော့အိတ်ချိန်း (YSX) Pre-Listing Board (PLB) မှ Main Board (MB) သို့ တက်လှမ်းနိုင်ရန်အတွက် ရှယ်ယာရှင်များ၏ သဘောတူညီချက်ရယူခြင်း၊

၃။ အစည်းအဝေးကိုအောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ၂၄-၀၆-၂၀၂၆ Record Date တွင်ရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် မပျက်မကွက်တက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ် ပါသည်။ ကိုယ်တိုင် အစည်းအဝေးမတက်ရောက်နိုင်ပါက Online ဖြင့် အစည်းအဝေးတက်ရောက်ရန် အစုရှယ်ယာရှင် တစ်ဦးချင်းစီသို့ အစည်းအဝေးတက်ရောက်ရမည့် Zoom Meeting ID တို့ကို Email (သို့) SMS တို့ဖြင့် အချိန်မှီ ပေးပို့ပေးသွားမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် အထူးအထွေထွေအစည်းအဝေးသို့ တက်ရောက်မည့် အစီအစဉ်ကို (၃-၇-၂၀၂၆ ၊ သောကြာနေ့) ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ် အတည်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါ သည်။

- **အစည်းအဝေးကျင်းပမည့်နေ့** - ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၁ ) ရက် (စနေနေ့ )
- **အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ( ၁၀:၀၀ ) နာရီတိတိ
- **အစည်းအဝေးကျင်းပမည့်နေရာ** - ကူဘိုတာဂျီဘီအက်(စ်) အရောင်းခန်းမ၊ အမှတ် (၅၁၅၊၅၇)၊ မင်းရောလမ်းနှင့် မေခလမ်းကြား၊ ရွှေသံလွင် စက်မှုဇုံ (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
- **ဆက်သွယ်ရန်ဖုန်းနှင့် အီးမေးလ်** - 09 4571 86209, 09 4211 50436, asphradmin@gbs.com.mm

**ဒါရိုက်တာအဖွဲ့**

**ဂျီဘီအက်(စ်)လယ်ယာ ဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**